# ရခိုင်ပြည်အမျိုးသားကောင်စီ
# Arakan National Council

Head Office, Email: anc.hq1@gmail.com

## ရခိုင်ပြည်ထောင်၏ ပြည်ထောင်သား၊ နိုင်ငံသားဖြစ်ခြင်း၊ ပြုခြင်းဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ ရခိုင်ပြည်အမျိုးသားကောင်စီ (ANC/AA) ၏ ထုတ်ပြန်ကြေငြာချက်

နေ့စွဲ - ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်။
အမှတ် -၁/၂၀၂၃။

၁။ ဖက်ဒရယ်ဒီမိုကရေစီ အခြေခံမူများဖြင့် ပြည်ထောင်စုတရပ်အား ဖွဲ့စည်းတည်ဆောက်ရာတွင် အမျိုးသားတန်းတူရေးနှင့် ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးရေး အခြေခံဖြင့် ဆန္ဒသဘောထားအလျောက် ပါဝင်ပူးပေါင်းနေသည့် အဖွဲ့ဝင်ပြည်ထောင်တခု၏

(၁) ဌာနေတိုင်းရင်းသား မျိုးနွယ်စုစာရင်းအား သတ်မှတ်ခြင်း၊

(၂) ထိုပြည်ထောင်ရှိ လူတစုအား မွေးရာပါ ပြည်ထောင်သားအခွင့်အရေး၊ နိုင်ငံသားအခွင့်အရေး ရသင့်ရထိုက်သော ဒေသခံ လူမျိုးစုတခုအဖြစ် သတ်မှတ်ခြင်း၊

(၃) ထိုသို့သတ်မှတ်ရန် လိုအပ်သည့် စံတန်ဖိုးနှင့် ဥပဒေများပြဋ္ဌာန်းခြင်း အစရှိသော ကိစ္စရပ်များသည် သက်ဆိုင်ရာ ပြည်ထောင်အတွင်း သမိုင်းအစဉ်အဆက် ကောင်းတူ၊ ဆိုးဖက် မှီတင်းအခြေချနေထိုင်လာသည့် ဌာနေတိုင်းရင်းသား လူမျိုးစုံ ပြည်သူလူထု၏ ဒီမိုကရေစီနည်းလမ်းကျ ရွေးကောက်တင်မြှောက်ထားသော **ပြည်ထောင်အစိုးရကသာ အဆုံးအဖြတ်ပေးရမည့်ကိစ္စများ** ဖြစ်ပေသည်။

၂။ ဤအခြေခံအယူအဆနှင့်ဆန့်ကျင်လျက် အဆိုပါကိစ္စရပ်များအား **တခြား ပြည်ထောင်တရပ်ရပ်က သော်လည်းကောင်း၊ ပြည်ထောင်စု အစိုးရကသော်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်အစိုးရ၏ လုပ်ပိုင်ခွင့်နှင့် ဆန့်ကျင်ပြီး** အဆုံးအဖြတ်ပေးရန် ကြိုးပမ်းလာပါက ဤလုပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်အဆင့်တွင် တရားဝင် ဆုံးဖြတ်ချက် ဖြစ်လျှင်ပင် **"ပြည်ထောင်တရပ်ရပ်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအား ပြည်ထောင်စုမှ အင်အားသုံး၍ မထိပါးရ ဟူသော (Demos-Constraining) ဆိုသည့်မူ"** အား ထိပါးရာရောက်နေသဖြင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ အနှစ်သာရကို ပျက်ပြားစေပေသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအဆင့်၌ ဆွေးနွေးဆုံးဖြတ်ပိုင်ခွင့်ရှိသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတိုင်းသည် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေး အခြေခံမူများနှင့် သက်ဆိုင်ရာပြည်ထောင်သားများ၏ ဆန္ဒသဘောထားကို လျစ်လျူရှုလျက် **ပြည်ထောင်တရပ်ရပ်၏ အရေးကိစ္စတွင် မူမဲ့ဝင်ရောက်စွက်ဖက်ခြင်း**ဖြင့် အနာဂတ်တွင် ပေါ်ပေါက်ရန် အလားအလာရှိသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု၏ အဖွဲ့ဝင်ပြည်ထောင်များအကြား ပြည်ထောင်စု စိတ်ဓာတ်အား ပျက်ပြားအောင် လုပ်ဆောင်ရာရောက်မည်ကို သတိကြီးစွာ ထားသင့်ကြောင်း ရခိုင်ပြည်သူလူထု ကိုယ်စား မိမိတို့ ရခိုင်ပြည်အမျိုးသားကောင်စီ (ANC/AA) မှ သက်ဆိုင်ရာလူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ အားလုံးသို့ ဤထုတ်ပြန်ကြေငြာချက်ဖြင့် အလေးအနက် သတိပေးအပ်သည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ရခိုင်ပြည်အမျိုးသားကောင်စီ/ရခိုင်ပြည်တပ်မတော် (ANC/AA)